ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ခတက်ကျေးရွာ၊ ရွာသာယာကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်

ပင်လည်ဘူးမြို့

မာတိကာ

၁။ပင်လည်ဘူးမြို့နယ်မြေပုံ ........................................................................................................................ 2

၂။ရွာသာယာကျေးရွာအုပ်စုမြေပုံ ................................................................................................................ 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........................................................................................ 4

၄။ကျေးရွာအခြေခံအချက်အလက်များ .......................................................................................................... 5

၅။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools
များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ................................................................................................ 9

အကြောင်းအရင်းများ/ အခက်အခဲများ.......................................................................................................... 29

၆။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..................... 33

၇။ကော်မတီဝင်များစာရင်း ......................................................................................................................... 34

၈။ပုံစံစ-၁။ကျေးရွာအချက်အလက် ................................................................................................................ 35

၉။ပုံစံစ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား......................................................................................................... 38


၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်............................................................................................... 40

၁၁။ပုံစံစ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ............................................................................ 42


၁၂။အစည်းအဝေးမှတ်တမ်းများ......................................................................................................................... 46

၁၃။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)........................................................ 49

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



## ၂။ ရွာသာယာကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

ရွာသာယာ၊ ပေကုန်း ၊တုံးဖလား ၊ကြာအိုင် ၊မိုးကြိုးပစ် ၊သဲချောင်း ၊ခတက် ၊ဂဲလာ ၊ချောင်းဖျားကျေးရွာ တို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ခတက်ကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်က ခတက်ပင်များပေါသော နေရာတွင် စတင်တည် ထောင်ခဲ့သည်ကို အစွဲပြု၍ ခတက်ကျေးရွာဟု စတင်ခေါ်ဆိုခဲ့သည်။ ဗမာလူမျိုးများ နေထိုင်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသည်။ လယ်ယာစပါးကို အဓိက စိုက်ပျိုးပြီး ပင်လည်မြို့နှင့် အရှေ့ဘက်တွင် တည်ရှိပြီး မိုင်၂၃ခန့်ကွာဝေးပြီး ပင်လည်ဘူး-ကောလင်း လမ်းနဘေးတွင် တည်ရှိပါသည်။ အိမ်ခြေ ၁၀၁အိမ်သာရှိပြီး ကျေးရွာ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ကြသော ကျေးရွာဖြစ်ကြောင်း ရေးသားအပ်ပါသည်။

### ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

### ၃။ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၁၀၁ | ၃၁၈ | ၂၈၀ | ၅၉၈ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၄ | ၈ | ၁၁ | ၁၉ |
| မြေယာမဲ့ | ၃၂ | ၃၂ | - | ၃၂ |
| မသန်စွမ်း | ၁ | ၁ | ၂ | ၁ |

၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ | အသေးစားဆိုင် | လက်သမား |
| မြေပဲ | နွား | | |
| နှမ်း | ဝက် | ကုန်သည် | ပန်းရံ |
| | ကြက် | | |

၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၂၆က | ၁၈၉ဧက | ၂၀၀-ဧက | ရှိ | ၁၀ /- | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | မြေတူးစက် | လမ်းကြိတ်စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၁ | - | - | - | ၅ |

၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | ၅၆ | ၁၅၀ | ၈၀ | ၁၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၈၀ | ၅၀ | ၃ | ၂၂ | |

၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁၊- | - | ၅ | ၃၀ | - | - |

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်ချက်များ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၂၄-၄-၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၃၆ | ၃၉ | ၇၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၄-၄-၉ | ကော်မတီဝင်၊ အမျိုးသမီး၊အမျိုးသားများ | ၃၆ | ၃၉ | ၇၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊သယံဇာတပြမြေပုံ (Social Map/Resource Map) | ၂၄-၄-၉ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၁၄ | ၁၅ | ၂၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ<br>လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၂၄-၄-၉ | အမျိုးသားများကော်မတီဝင်များ | ၃၅ | - | ၃၅ | ဆွေးနွေးထားသော အခြေခံအဆောက်အဦးများနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၁၀-၁-၁၉ | အမျိုးသမီးများ | - | ၅၀ | ၅၀ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း များ |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၁၀-၁-၁၉ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၁၅ | ၅၀ | ၆၅ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၈-၁-၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ ထောက်အဖွဲ့ | ၃၆ | ၃၉ | ၇၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက် လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၈-၁-၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၃၆ | ၃၉ | ၇၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေနှင့်ပြောင်းလဲမှုညွှန်းကိန်း | ၁၀-၁-၁၉ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၁၂ | ၁၁ | ၂၃ | ပြဿနာ၊အခွင့်အရေး၊လက်ရှိ အခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည့်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြပမြေပုံ (Dream Map) | ၁၀-၁-၁၉ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-**<br>ခြေတံရှည်၊သွပ်မိုး၊သက်ကယ်မိုး၊ပျဉ်ထောင်၊ပျဉ်ကာ<br>**မြေယာပိုင်ဆိုင်မှု-** ၁၀ကေအထက်<br>**ကျွဲ၊ နွား-** ၈ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ခြွေစက်၊ ထွန်းစက်၊ ရေစုပ်စက်၊ TV၊ ဆိုလာ၊တယ်လီဖုန်း၊ စပါးကြိတ်စက်၊ ဆိုင်ကယ်၊ ကား | ၂၃ | ၂၃% |
| အလယ်အလတ် | **အိမ်အခြေအနေ-**<br>ပျဉ်ခင်း၊ဝါးထရံကာ၊သက်ကယ်မိုး၊ခြေတံရှည်<br>**မြေယာပိုင်ဆိုင်မှု-** ၅ ကေ နှင့် ၁၀ ကေအကြား<br>**ကျွဲ၊ နွား-** ၂ ကောင်နှင့် ၅ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-**<br>လှည်း၊ဆိုင်ကယ်အဟောင်း၊TVအသေး၊ဆိုလာအသေး | ၄၆ | ၄၆% |
| နွမ်းပါး | **အိမ်အခြေအနေ-** ဝါးကြမ်းခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး၊ ချေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | ၃၂ | ၃၁% |
| | **စုစုပေါင်း** | ၁၀၁ | ၁၀၀% |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်ချက်များ

### ၂။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်



**ဆွေးနွေးချက်**

ရာသီဥတုအခြေအနေမှာ တခူး၊ ကဆုန်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း စသည့် လများတွင် သာယာပြီး ကျန်သည့်လများတွင် မိုးရွာကြောင်း၊ တခါတရံလေပြင်းများလည်း တိုက်ခတ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးသီးနှံများကို မိုးတွင်းကာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ အဓိကစိုက်ပျိုးသီနှံများမှာ စပါး၊ ပဲ၊ နမ်း၊ နေကြာ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။ ကျွဲ၊ နွား၊ ကြက်၊ ဂက်များကို ဆယ့်နှစ်ရာသီ ပတ်လုံး တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ နေ့စားလုပ်ငန်းကို လယ်ယာလုပ်ငန်းခွင်ချိန်တွင်သာ လုပ်ရလေ့ရှိကြောင်း ဆွေးနွေးကြသည်။ သဘာဂဘေးအန္တရာယ်ကို မိုးဦးကာလများတွင် အနည်းငယ် ကြုံတွေ့ရလေ့ရှိသည်။ လုပ်ငန်းခွင်ချိန်တွင် လုပ်သားရှားပါးမှုနှင့် ကြုံတွေ့ရပြီး ကျန်သည့်အချိန်များတွင် လုပ်သား ပေါများပါသည်။ ဂမ်းစာဖူလုံမှုတွင် စပါးပေါ်ချိန်တွင် ဂမ်းစာဖူလုံမှုရှိပြီး စိုက်ပျိုးသည့်အချိန်တွင် ဂမ်းစာလုံခြင်း မရှိပါ။ ရာသီပွဲတော်များကို လစဉ်လတိုင်း ကျင်းပခြင်းမရှိဘဲ တန်ခူး၊ ကဆုန်၊ ဂါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တပို့တွဲနှင့် တပေါင်းလများတွင် ပြုလုပ်လေ့ရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီရောက်မှ သာ ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ခတက်ကျေးရွာ လူထုအားလုံး လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည့်အတွက် မိုးတွင်းကာလ၊ ဆောင်းတွင်းကာလများတွင် လယ်ယာလုပ်ငန်းခွင်နှင့် တိုက်ဆိုင်သောကြောင့် အလုပ်သမားရှားပါးခြင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အချိန်မပေးနိုင်ခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အတွက် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ရာသီဥတုသာယာပြီး ကျေးရွာလူထုအားလုံး ပါဝင်လုပ်ဆောင်နိုင်သည့် ပွင့်လင်းရာသီတွင် လုပ်ငန်းခွဲများ လုပ်ဆောင်သင့်ပါကြောင်း သုံးသပ်မိပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ခတက်ကျေးရွာတွင် အိမ်ခြေ(၁၀၁)အိမ်ရှိပြီး စီးပွားအဆင့်(၃)ဆင့် ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၄င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါးတို့ဖြစ်ပြီး လူတန်းစား(၃)မျိုးလုံး ကျေးရွာတွင် ပျံ့နှံ့၍ နေထိုင်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

စီးပွားရေးအဆင့် (၃) မျိုးရှိပြီး ကျေးရွာများတွင် စုစည်းစွာနေထိုင်ကြပါသည်။ ခတက်ကျေးရွာသည် ပင်လည်ဘူး-ကောလင်း လမ်းမကြီးနဘေးတွင် ကျေးရွာတွင် တည်ရှိရွာတွင်းရှိလမ်းများ၊ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ ကလေးမွေးဖွားခြင်းအတွက် အရပ်လက်သည်ရှိပါသည်။ အဓိကဆေးကုသမှုခံယူခြင်းကို ပေကုန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။ မိုးတွင်းကာလတွင် ဝမ်းရောဂါ၊ ၄က်ဖျားရောဂါများ ဖြစ်တက်သည်။ သောက်သုံးရေ-ကျေးရွာတွင် ရေတွင်းပိုင်းရှိပါသော်လည်း ပိုက်တွင်းအနည်းငယ်သာသဖြင့် သောက်သုံးရေဖူလုံမှုမရှိပါ။ ရွာ၏တောင်ပိုင်းတွင် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် စာသင်ကျောင်း ရှိပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




**ဆွေးနွေးချက်**


ပတ်ဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ သစ်တောများမှ ထင်းခုတ်သုံးစွဲမှုရှိပြီး ကျေးရွာအနီးတွင် ချောင်းရှိသောကြောင့် သဲရေများလုံလောက်စွာ ရရှိမှုကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ စီးပွားရေးမှာ ယာကွက်၊ကိုင်းကွက်များတွင် ဟင်းသီး၊ဟင်းရွက်များ စိုက်ပျိုးကြပြီး ဝမ်းစာအနေဖြင့် စပါး၊နှမ်း၊နေကြာတို့ကို အဓိကစိုက်ပျိုးကြသည်။ ကျွဲ၊နွား၊ကြက်၊ဝက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုစိုက်ပျိုးရေးနည်းပညာ အားနည်းသောကြောင့် စီးပွားရေး၊ပညာရေးများ နိမ့်ကျမှုများကြုံတွေ့ခဲ့ရပါသည်။

## သုံးသပ်ချက်

ခတက်ကျေးရွာ ပတ်ဝန်းကျင်တွင် သစ်တောများ အနည်းငယ်ရှိပါသည်။ ချောင်းများမှ စိုက်ပျိုးရေသဲများကို လုံလောက်စွာ ရရှိနိုင်ပါသည်။ ကျွဲ၊နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူပြီး လယ်ယာစိုက်ပျိုးရေးအနေဖြင့် စပါး၊နမ်း၊နေကြာတို့ကို လုပ်ကိုင်စိုက်ပျိုးကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေး၊လူမှုရေး၊ စီးပွါးရေး၊ပညာရေး အားနည်းကြောင်းတွေ့ရှိရပါသည်

## ၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း

### အကြောင်းအရင်းများ/ အခက်အခဲများ



## ဆွေးနွေးချက်


လမ်းခရီးခက်ခဲခြင်းကြောင့် လမ်း၊တံတားဆောက်လုပ်ရန် ရံပုံငွေမရှိခြင်း၊ စီးပွားရေး အဆင်မပြေခြင်း၊ အရင်းအမြစ်များ ရှားပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊

အလှူရှင်မရှိခြင်း၊ ဌာနဆိုင်ရာမှ တည်ဆောက်ရန် လျာထားပေးမှုမရှိခြင်းစသည့် အခက်အခဲများကြောင့် ကလေးများလုံခြုံမှု အားနည်းခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှု အားနည်းခြင်း၊ အသိပညာပေး ဟောပြောပွဲများ နေရာမရှိခြင်း၊ ကလေးပညာ အရည်အသွေးများ နိမ့်ကျခြင်းများနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း စသည့် အကျိုးဆက်များ ခံစားခဲ့ရကြောင်း ဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

- သွားလာရေး ခက်ခဲခြင်း နှင့် ဒေသထွက်သီးနှံများ စျေးကောင်းဖြင့် မေ□ာင်းရခြင်း
- စာပေ ဗဟုသုတ နည်းပါးခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ လူကြားထဲတွင် စကားပြောရာ တွင် အရှေ့နောက်မညီသည့်အတွက် အဆင်မပြေခြင်း
- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်း
- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်းများကြုံတွေ့ခဲ့ရကြောင်းတွေ့ရပါသည်။

၆။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း




**ဆွေးနွေးချက်**

မိုးရာသီတွင် တံတားများမကောင်း၍ အုပ်စုချင်းဆက် မြို့နယ်သို့ လူမှုရေး၊စီးပွားရေး ပညာသင်ကြားရန် သွားရောက်ရာတွင် လမ်းခရီးအခက်အခဲများ ကြုံတွေ့ရကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်စီးပွားရေးများမရှိခြင်းကြောင့် ပညာရေးဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်းများ ကြုံတွေ့ခဲ့ရကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**

- သွားလာရေးခက်ခဲခြင်း၊ အိမ်အသုံး အဆောင်ပစ္စည်းများဝယ်ယူရန် ပင်လည်ဘူးသို့သွားလျှင် လိုအပ် သောအချိန် ကုန်ထက်ပို ကုန်ခြင်း
- ကြက်၊ ဝက်များ မွေးမြူရာတွင် အောင်မြင်မှုများ မရှိခြင်း၊ ကြက်များ ရောဂါများကျရောက်ပြီး ဆုံးရှုံးမှုများ နှင့် တွေ့ကြုံရသည်။

- မိသားစု စီးပွားရေးများ ပျက်စီး ရခြင်း၊ လူငယ်လူရွယ်များ အနာဂါတ် ပျောက်ဆုံးနေခြင်း၊ ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် စိတ်ဆင်းရဲမှု များ ကြုံတွေ့ရခြင်း
- ကျေးရွာတစ်ရွာလုံးတောင်သူလယ်သမား များဖြစ်သဖြင့် စိုက်ပျိုးရေးကိုသာ ဆောင်ရွက်နေပြီး အသက် မွေးဝမ်းကြောင်း အတတ်ပညာများလေ့လာလိုက်စားမှု နည်းပါးခြင်းကြောင့် ဝင်ငွေများ နည်းပါးပါသည်။

**၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)**



ရွာသာယာအုပ်စု၊ ခတက်ကျေးရွာ၏ ဦးစားပေးအစီအစဉ်ရွေးချယ်ခြင်း

| စဉ် | အခက်အခဲပြဿနာများ | ၁ | ၂ | ၃ | ၄ | ၅ | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း (ကွန်ကရစ်ရေ နုတ်မြောင်း) | / | ၁ | ၁ | ၁ | ၁ | ၄ | ၁ | |
| ၂ | ဆေးပေးခန်း | | / | ၃ | ၄ | ၅ | ၀ | ၅ | |
| ၃ | စက်ရေတွင်း | | | / | ၄ | ၅ | ၁ | ၄ | |
| ၄ | စာသင်ကျောင်း တိုးချဲ့ဆောင် | | | | / | ၄ | ၃ | ၂ | |
| ၅ | ရွာတွင်းလမ်း (ကျောက်ချောလမ်း) | | | | | / | ၂ | ၃ | |

ခတက်ကျေးရွာအနေဖြင့် ဇဟုသုတဖွံ့ဖြိုး တိုးတက်လာစေရန် စာကြည့်တိုက်များမရှိခြင်း၊ သောက်သုံးရေ မလုံလောက်မှုကြောင့် စက်ရေတွင်းရေကန်များလိုအပ်ခြင်း၊ ရွာချင်းဆက်လမ်းများခက်ခဲမှုကြောင့် ရွာချင်းဆက်လမ်း၊ တံတားများလိုအပ်ခြင်း၊ ဗဟုသုတနည်းပါးမှုကြောင့် စာကြည့်တိုက်များလိုအပ်ခြင်း စသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**


**စီမံကိန်းပထမနှစ်တွင်** - ရွာတွင်းလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ရံပုံငွေ(၃၈၄၀၀၀၀)ကျပ်ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

**စီမံကိန်းဒုတိယနှစ်တွင်** - ကြာအိုင်ကျေးရွာအနေဖြင့် ရွာချင်းဆက်မြေသားလမ်း (ကြာအိုင်-ရွာသာယာ)ကို ထောက်ပံ့ငွေ (၁၄၁၅၉၅၀၀)ကျပ်ဖြင့် လည်းကောင်း၊ မိုးကြိုးပစ်ကျေးရွာအနေဖြင့် ရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးရေကျော်နှင့် တံတား (၂)စင်းတည်ဆောက်ခြင်း လုပ်ငန်းကို ထောက်ပံ့ငွေ (၁၂၈၀၀၀၀၀) ကျပ်ဖြင့် လည်းကောင်း၊ ချောင်းဖျားကျေးရွာအနေဖြင့် ရွာချင်းဆက်လမ်းတံတားပြုပြင်ခြင်း လုပ်ငန်းကို ထောက်ပံ့ငွေ (၁၂၈၉၀၀၀၀)ကျပ်ဖြင့် လည်းကောင်းပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။

**စီမံကိန်းတတိယနှစ်တွင်** - တုံးဖလားကျေးရွာမှ ရွာချင်းဆက်လမ်း၊တံတား (တုံးဖလား-ပင်လည်ဘူး-ကောလင်း)ပြုပြင်ခြင်းလုပ်ငန်းကို ထောက်ပံ့ငွေ (၁၄၀၈၀၀၀၀)ကျပ်ဖြင့် လည်းကောင်း၊ သဲချောင်းကျေးရွာမှ ရွာချင်းဆက်ဂျင်းကျောက်စရစ်ခင်းလမ်း (သဲချောင်း-ပင်လည်ဘူး-ကောလင်း) ပြုပြင်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ဂဲလာကျေးရွာမှ ကေဂျီစာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လုပ်ငန်းကို ထောက်ပံ့ငွေ (၁၄၃၁၇၂၀၀)ကျပ်ဖြင ့လည်းကောင်း ပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။

**စီမံကိန်းစတုတ္ထနှစ်တွင်** - ရွာသာယာကျေးရွာမှ တံတားပြုပြင်ခြင်းလုပ်ငန်းကို ထောက်ပံ့ငွေ (၁၄၀၈၀၀၀၀)ကျပ်ဖြင့် လည်းကောင်း၊ ပေကုန်းကျေးရွာမှ ရွာတွင်းလမ်းပြုပြင်ခြင်း လုပ်ငန်းကို ထောက်ပံ့ငွေ (၁၄၀၈၀၀၀၀)ကျပ်ဖြင့် လည်းကောင်း၊ ခတက်ကျေးရွာမှ ရွာတွင်းလမ်း (ကွန်ကရစ်ရေနုတ်မြောင်း) ပြုပြင်ခြင်း လုပ်ငန်းကို ရံပုံငွေ (၁၄၂၁၀၀၀၀)ကျပ်ဖြင့် လည်းကောင်း ပြုလုပ်ရန် သဘောတူညီခဲ့ပါသည်။

## ၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




### ဆွေးနွေးချက်

ကျေးရွာလူထုနှင့် အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသမီး/အမျိုးသား အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျေးရွာစီ/ထောက်ကော်မတီ အဖွဲ့၊ ရပ်မိရပ်ဖ၊ မူးယစ်ဆေးဝါးအဖွဲ့၊သမဈေးငွေ အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်ကြ ပါသည်။တုံးဖလားကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ စိုက်ပျိုးရေးဌာန၊ လဝက၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ သမဈေးငွေ၊ စိုက်ဘဏ် စသည့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် အရင်းအနှီးရရှိရန် မြို့နယ် သမဝါယမအသင်း၊ ချေးငွေပံ့ပိုးသည့်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန် တိုးချဲ့ဆောင်ရွက်သင့်ပါသည်။

## သုံးသပ်ချက်

ခတက်ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ ချိတ်ဆက်မှုအားကောင်းကြောင်း တွေ့ရပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်၍ မြေစာရင်းဌာန၊ သစ်တောဌာန၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေး၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်တိုနှင့်မှာ ချိတ်ဆက်မှု အားကောင်းပြီး ပညာရေး၊ ကျန်းမာရေးဌာနတို့နှင့်မှာ ချိတ်ဆက်မှုအနည်းငယ် အားနည်းသေးကြောင်းတွေ့ရပါသည်။ မြို့နယ်ပညာဌာနနှင့် ချိတ်ဆက်မှု အားကောင်းလာပါက ကျေးရွာရှိကလေးများ၏ ပညာရေး ကောင်းလာမွန်လာမည် ဖြစ်ကြောင်းတွေ့ရပါသည်

## ၉။ ပင်ကူအိမ်ဖြင့်သုံးသပ်ခြင်း




## ဆွေးနွေးချက်

အမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်ရေးရရှိမှုနှင့်ပတ်သက်၍ ခေါင်းစဉ်(၈)ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ ယနေ့ခေတ်နေထိုင်မှုစနစ်တွင် ခေါင်းဆောင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အရင်းအမြစ်လက်လှမ်းမှီမှု၊ ဝင်ငွေရရှိမှုနှင့် ပညာတတ်မြောက်မှုစသည့် နေရာများတွင် အမျိုးသားများမှ သာလွန်မှုရှိပြီး အမျိုးသမီးများအား နေရာပေးရန်၊ အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသားဘက်မှ အမျိုးသမီးများအား ဝိုင်းကူလုပ်ကူပေးကြရန် ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

ခတက်ကျေးရွာအနေဖြင့် ခေါင်းဆောင်မှု၊ ပူပေါင်းပါဝင်မှုများတွင် အမျိုးသား၊ အမျိုးသမီးဆွေးနွေးတိုင်ပင်၍ တန်းတူဆုံးဖြတ်ဆောင်ရွက်ကြောင်းတွေ့ရသည်။ ပညာတတ်မြောက်မှု၊ ဝင်ငွေရရှိမှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ အရင်းအမြစ်လက်လှမ်းမှုများတွင် အမျိုးသားများမှာ အနည်းငယ်သာလွန်၍ အိမ်မှုကိစ္စတွင် အမျိုးသမီးများမှ အစစအရာရာ ဆောင်ရွက်ရကြောင်းကို တွေ့ရပါသည်။ သို့သော် ဤကျေးရွာသည် ကျား၊မရေးရာကွဲပြားမှု အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ ကျားမရေးရာကို ခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

ခတက်ကျေးရွာ အတွင်းတွင် ကျားမရေးရာခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပတ်သက်၍ အမျိုးသားများသစ်၊ ဝါး၊လှည်း၊လယ်၊ ကျွဲ၊နွားများကိုအသုံးပြုမှုရှိပြီး အမျိုးသမီးများမှာ တောထွက်ပစ္စည်း၊ အိမ်မွေးတိရစ္ဆာန်၊ရွှေကို အသုံးပြုမှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ပဲ၊နှမ်း၊သဲ၊ကျောက်များကို ကျားမနှစ်မျိုးစလုံးက အသုံးပြုကြကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ ထိန်းချုပ်မှုပိုင်းတွင် အမျိုးသားများမှ သစ်၊ဝါး၊ကျွဲ၊နွား၊ ကျောက်၊သဲများကို ထိန်ချုပ်နိုင်သော်လည်း အမျိုးသမီးများမှာ ရွှေ၊ရေတို့ကို ထိန်းချုပ်နိုင်မှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ လှည်း၊လယ်၊ အိမ်မွေးတိရစ္ဆာန်၊ ဆန်၊စပါးတို့ကို အမျိုးသား၊သမီးနှစ်ဦးစလုံးက ထိန်းချုပ်ခဲ့ကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

ခတက်ကျေးရွာ အတွင်းတွင် ကျားမရေးရာနှင့်ပတ်သက်ပြီး အမျိုးသားများက ကျွဲနွားများကို အသုံးပြုမှုရှိပြီးအမျိုးသမီးများက ရွှေကိုသာ အသုံးပြုမှုရှိကြောင်း တွေ့ရပါသည်။ စပါး၊ပဲ၊နှမ်း၊ငွေကြေး၊ သစ်တောထွက်ပစ္စည်းနှင့် အိမ်မွေးတိရစ္ဆာန်တို့ကို ကျားမနှစ်ဦးစလုံးက သုံးစွဲမှုရှိကြောင်း တွေ့ရပါသည်။ အမျိုးသားများက သဲကိုထိန်းချုပ်မှုရှိပြီး အမျိုးသမီးများအနေဖြင့် ထိန်းချုပ်မှုမရှိကြောင်း တွေ့ရပါသည်။ ကျားမနှစ်မျိုးစလုံးမှာ ရွှေ၊ပါး၊ပဲ၊နှမ်း၊ကျွဲ၊နွား၊ငွေကြေး၊ အိမ်မွေးတိရစ္ဆာန်တို့ကို ထိန်းချုပ်မှုရှိကြောင်း တွေ့ရပါသည်။

## ကျေးရွာအိမ်မက်မြေပုံသုံးသပ်ခြင်း



**ဆွေးနွေးချက်**

ခတက်ကျေးရွာရှိ ကလေးများအခန်း မလုံလောက်စွာ ပညာသင်ကြားနိုင်ရန် စာသင်ကျောင်း၊ မူကြိုကျောင်းဆောင်များ ဆောက်လုပ်နိုင်ပြီး လမ်းခရီးအဆင်ပြေ၍ စီးပွားရေးများ အဆင်ပြေလာစေရန် လမ်းတံတားများ ဆောက်လုပ်လုပ်နိုင်ခြင်း၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် စာကြည့်တိုက်များဆောက်လုပ်ခြင်း ၊သောက်သုံးရေ လုံလောက်မှုရှိစေရန် စက်ရေတွင်း ရေကန်များတည်ဆောက်ခြင်း၊ အုပ်စုတွင်း လမ်းများကောင်းမွန်ပြီး လျှပ်စစ်မီးများလင်းခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ပဲ၊နှမ်းကို လုပ်ကိုင်ကြသော်လည်း နည်းပညာမရှိမှုတို့ကြောင့် သီးနှံထွက်နှုန်းကျဆင်းကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ စိုက်ပျိုးရေး နည်းပညာ၊ မွေးမြူရေးနည်းပညာ၊ ဆိုင်ကယ်ပြင်သင်တန်း၊ လက်မှုပညာများ တတ်မြောက်ပါက လူမှု၊စီးပွား၊ ကျန်းမာရေးများ အဆင်ပြေပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာတော့မည် ဆိုသည်အကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

**သုံးသပ်ချက်**

ကျေးရွာသို့စီမံကိန်းများ ဝင်ရောက်မှုကြောင့် စာသင်ကျောင်း၊မူကြိုကျောင်း၊ စာကြည့်တိုက်၊လမ်း ။တံတား၊ ရေတွင်းရေကန်များ ဆောက်လုပ်နိုင်မည်ဆိုပါက အသိပညာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းတွေ့ရပါသည်။ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေး နည်းပညာများရရှိပါက သီးနှံအထွက်နှုန်းတိုးပြီး စီးပွားရေး အဆင်ပြေလာမည် ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းများ ရှိခြင်းကြောင့် ဝင်ငွေများရရှိနိုင်ပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အဆင်ပြေလာမည်ဟု မျှော်မှန်းထားကြောင်းကို တွေ့ရှိရပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၁၀.၀၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား | √ | | |

| | | | | |
|---|---|---|---|---|
| | များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေး အတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့် နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br><br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား/မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံများ



မိတ်ဆက်အစည်းဝေးမှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဖွဲ့စည်းခြင်းမှတ်တမ်းဓါတ်ပုံ



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စု မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စု မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု မှတ်တမ်းဓါတ်ပုံ



ပထမနှစ်မံကိန်းလုပ်ငန်းခွဲဆောင်ရွက်ပြီး မှတ်တမ်းဓါတ်ပုံ



တတိယနှစ် စီမံကိန်းလုပ်ငန်းခွဲပြီးစီးမှုမှတ်တမ်းဓါတ်ပုံ

၈။ (၂၀၁၇ ) ခုနှစ် ကော်မတီစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးကျော်ဆန်းဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်စန်းကြည် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဒေါ်တင်မာရီ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်တင်မာဌေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးငပြောင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးထွန်းစော | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဦးလင်းအောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ဖြူဖြူနိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးတင်မြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဦးဇော်လင်းမြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ညွန့်အေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဒေါ်ခိုင်ဆန်းဝင်း | မ | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးအောင်ဆန်းဦး | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်အေးဝင်း | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးကျော်နိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်မြမြမိုး | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးကျော်ဆန်းဦး　　　ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

ဒေါ်စန်းကြည်　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ထက်ရဝေလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၀/ ၁ / ၂၀၁၇

## ၄။ ပုံစံ(၁) ကျေးရွာအခြေခံချက်လက်များ

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် [illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်/တိုင်းဒေသကြီး [illegible] / မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

(က) လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၁၀၁ | ဘာသာ (၁) [illegible] | ၁၀၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ(၆၅ နှစ်နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) [illegible] | ၃၁၈ | ၂၈၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၉၀ | ၁၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ✓ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၀း၁၅------ ထော်လာဂျီ/✓မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန်------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပေါ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------

(၂) ------------------------------

ကျေးရွာခေါင်းဆောင်

အမည် ဦး[illegible] [illegible]


လက်မှတ် [illegible] နေ့စွဲ ၁၀.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး

အမည် ဒေါ်[illegible]

လက်မှတ် [illegible] နေ့စွဲ ၁၀.၁.၂၀၁၇

## ၁၀။ပုံစံ ၈ ၂စီမံကိန်းစက်ဝန်းအချိန်ဇယား



ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၉ . ၁ . ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁.၂၀၁၇ | ၉.၁.၂၀၁၇ | ၃၆ | ၃၉ | ၇၅ | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁.၂၀၁၇ | ၁၀.၁.၂၀၁၇ | ၃၅ | ၅၀ | ၈၅ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.၁.၂၀၁၇ | ၁၄.၁.၂၀၁၇ | ၂၇ | ၂၀ | ၄၇ | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - |
| ၉။ လွှဲထုတ်စစ်ဆေးပွဲအစည်းအဝေး | | | | | | - - |

၁၁။ပုံစံ စ ၁၃ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်[illegible]ဝေလှိုင်

| | |
|---|---|
| နေ့စွဲ ၁၀ ၁၀ ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်း လမ်းများ မကောင်းမွန်ခြင်း | ၁ | ရွာတွင်း လမ်းများ ပျက်စီးခြင်း |
| ၂ | ဆေးကုသမှုခံယူရန် ခက်ခဲခြင်း | ၂ | ကျန်းမာရေးအကြောင်း ဆေးကုသမှုခံယူရန် ခက်ခဲ |
| ၃ | သောက်သုံးရေ မလုံလောက်ခြင်း | ၃ | သောက်သုံးရေ မလုံလောက် |
| ၄ | စာသင်ကျောင်းတွင်း ဆရာမလုံလောက်ခြင်း | ၄ | စာသင်ဆောင် မလုံလောက်ခြင်း |
| ၅ | ငွေမရှိခြင်း | ၅ | စိုက်ပျိုးနည်းပညာ အားနည်းခြင်း |
| ၆။ | ကိုယ်ပိုင်စီးပွားရေး မရှိခြင်း | | |
| | | | |
| | | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ပြုပြင်ပြီး | ၁ | ရွာတွင်း ကွန်ကရစ်ရေနုတ်မြောင်း ပြုပြင်ခြင်း |
| ၂ | ကျောက်ချောလမ်းများ အပြီးပြုပြင်ပြီး | ၂ | ကျောက်ချောလမ်း ပြုပြင်ခြင်း |
| ၃ | ကော်ရေတွင်းများ တူးဖော်ပြီး | ၃ | ကော်ရေတွင်း တူးဖော်ပြီး |
| ၄ | စာသင်ကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်ပြီး | ၄ | ဆေးပေးခန်း တည်ဆောက်ပြီး |
| ၅ | စိုက်ပျိုးမွေးမြူရေး နည်းပညာများ သိရှိပြီး | ၅ | စာသင်ကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်ပြီး |
| ၆။ | ဆိုင်ကယ်၊ကား ပြုပြင်ရေးများ သိရှိပြီး | ၆။ | စက်ချုပ်သင်တန်း |
| | | ၇။ | စိုက်ပျိုးနည်းပညာ သင်တန်း |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း လမ်း (ကွန်ကရစ်လမ်း) | က၊ခ | ၁၅၀,၀၀၀၀၀ | ၅၉၈ |
| ၂ | စာသင်ကျောင်း ကိုးခန်းဆောင် | က၊ခ | ၁၈၀,၀၀၀၀၀ | ၅၉၈ |
| ၃ | ရွာတွင်း လမ်း (ကျောက်ချော) | က၊ခ | ၂၀၃,၀၀၀၀၀ | ၅၉၈ |
| ၄ | စက်ရေတွင်း | က၊ခ | ၈၀,၀၀၀၀၀ | ၅၉၈ |
| ၅ | ဆေးပေးခန်း | ခ | ၁၈၀,၀၀၀၀၀ | ၅၉၈ |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | ခ | |
| ၂ | အခြေခံကလေးကောင်းပြုပြင်ရေးသင်တန်း | က | |
| ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်း | က၊ခ | |
| ၄ | မွေးမြူရေးနည်းပညာသင်တန်း | က | |
| ၅ | အိမ်တွင်းမှုအတတ်ပညာ | ခ | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။


အမည် ဦးကျော်ဝင်းဦး ......... လက်မှတ် [signature] ......... နေ့စွဲ ၁၀-၁-၂၀၁၇ .........

၁၂။ပုံစံ စ ၄ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်းပုံစံ





## ၁၃။အစည်းဝေးမှတ်တမ်းများ



လူထုဖဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ခကက် |
| ကျေးရွာအုပ်စု | ရွာသာသာ |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ရေချင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၉ . ၁ . ၂၀၁၇ |
| အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ | တက်လှမ်းနှစ် - ပထမအကြိမ် စီမံကိန်း ဓါတ်ဆက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၃၆ )ဦး၊ မ( ၃၉ )ဦး=( ၇၅ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်။ ။

၁။ ။တက်လှမ်းနှစ်- စီမံကိန်း ဓါတ်ဆက်အစည်းအဝေးကို နံနက် (၉:၀၀) နာရီတွင် စတင်ဖွင့်လှစ်ပြီး ကျေးရွာ ရွာလူကြီးတောင်ကိုယ်စား ဦးခြင်းတွန် မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ စီမံကိန်း ဓါတ်ဆက်အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းအကြောင်း ဒီကောင်းစရာ၊ စီမံကိန်း၏ ရည်ရွယ်ချက်များကို ပြောဆို ဆွေးနွေးခဲ့ကြပါသည်။ ကျားမရေးရာနှင့် ပတ်သက်၍ တန်းတူညီမျှရှိမှု၊ အမျိုးသမီးများ၏ ဦးဆောင်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။ ဝေဖန်စဉ်းစားပြုရမည်နှင့် ပတ်သက်၍ အသုံးပြုပုံအဆင့်ဆင့်၊ ဝေဖန်ပုံ၊ ပြန်လည်ဖြေရှင်းပုံအဆင့်ဆင့် စသည်တို့ကို ရှင်းလင်း၍ ဆွေးနွေးခဲ့ပါသည်။

၂။ ။စီမံကိန်း စက်ဝန်း အဆင့်ဆင့် လည်ပတ်ပုံ၊ တာဝန်ရှိသူတို့၏ အခန်းကဏ္ဍ၊ အခွင့်အလမ်းနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ စကားအကျွံနှင့် ပတ်သက်၍ လူ့အကားအကျွံ၊ သဘာဝတော်ဝန်ကျင်အကားအကျွံတို့ကို ကိုက်နာကျင့်သုံးရန် ရှင်းလင်းပြောကြားခဲ့ပါသည်။ လည်ပတ်ပြင်ထိန်း အစီအစဉ်အတွက် ရုံးပုံငွေထားရှိရန်၊ ပြုပြင်ထိန်းသိမ်းရန် ဆွေးနွေးခဲ့ပါသည်။

(၃)။ ။ စေတနာ့ဝန်ထမ်း ရွေးချယ်နိုင်ရန် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ရာ မူလအဖွဲ့ဝင်များကို ဆက်လက်ထားရှိရန် ကျေးရွာလူထုမှ သဘောတူဆန္ဒပြုခဲ့ပါသည်။ ၂၀၁၆၊ ကော်မတီဝင်များမှ ဆက်လက်လုပ်ကိုင်လိုသည့်အတွက် ရွေးချယ်အတည်ပြုခဲ့ကြပါသည်။

(၄)။ ။ ကျေးရွာလူမှုဝန်းထိချက်များကိုလည်း ကျားမပေါင်းပြီး အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးခဲ့ကြပါသည်။ လူမှုဝန်းထိချက်တွင် ပါဝင်သော ဥပဒေရှင်းလင်းပြ ပြဿနာ၊ အဖွဲ့အစည်းချိတ်ဆက်ရေး စသဖြင့် ဆွေးနွေးခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။

(၁)။ ။ စေတနာ့ဝန်ထမ်းများကို မူလအတိုင်းဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(၂)။ ။ ကျေးရွာလူမှုဝန်းထိချက်များကို ပြန်လည်သုံးသပ်၍ ကျေးရွာလူထုမှ ဆုံးဖြတ်ခဲ့ကြပါသည်။

အထက်ပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များ အတိုင်း ဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။

အစည်းအဝေးကို ညနေ ၄:၀၀ နာရီတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ဘိတ် ရှမော်ဒို

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ခတက်..........................................................................

ကျေးရွာအုပ်စု ............ရွာသာယာ..........................................................................

အစည်းအဝေးပြုလုပ်သည့်နေရာ ............ဆရာဦး..........................................................................

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............၁၀ . ၁ . ၂၀၁၇..........................................................................

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ............ဂါတ်ပါသနှစ် - ဥတ်ပါသရေး စီမံကိန်း ဖိတ်ခေါက် အစည်းအဝေး..........................................................................

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၂၅ )ဦး၊ မ( ၅၀ )ဦး=( ၇၅ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်။

(၁)။ "ဂါတ်ပါသနှစ် - ဥတ်ပါသရေး စီမံကိန်း ဖိတ်ခေါက် အစည်းအဝေးကို နံနက် ၉း၀၀ နာရီတွင် စတင်ခဲ့ရာ ကျေးရွာဆောအုပ်ဝန်ထမ်းများမှ တက်ရောက်လာသော ကျေးရွာလူထုများကို ဆိုင်းကောက်သူခြင်းဖြင့် လူထုကို ကူညီပေးဆောင်ခဲ့ပါသည်။

(၂)။ "ကျေးရွာလူထုမှ စီမံကိန်း အစတတ်အကူပြု ကော်မတီ ဖွဲ့စည်းရာတွင် ၂၀၁၆ မှ ကော်မတီဝင်များကို ရွေးချယ် အတည်ပြု ဆွေးနွေးခဲ့ကြပါသည်။

(၃)။ "ကျေးရွာ၏ အခက်အခဲ ဦးစားပေး လုပ်ငန်းများကို ဖော်ထုတ်ရာတွင် ကျေးရွာတွင်း သွားလာရေး ခက်ခဲသဖြင့် လမ်းများ ပြုပြင်ရန်၊ ကွန်ကရစ် ရေနုတ်မြောင်း ပြုပြင်ရန်၊ တံတားကျောင်းဆောင် အဲ့လောက်ဂျ တည်ဆောက်ရန် ကျန်းမာရေး ဖြည့်စွက်ခြင်းစိတ်ချနိုင်ရန် ဆေးပေးခန်း တည်ဆောက်ရန်၊ သောက်သုံးရေ အလုံလောက်ရ ထက်ရေတွင်း တူးဖော်ရန်၊ စသဖြင့် ဆွေးနွေးခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။

(၁)။ ။ ကော်မတီဝင်များကို အချို့သော ပြောင်းလဲ၍ ၂၀၁၆ ခုနှစ် ကော်မတီဝင်များအတိုင်း ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(၂)။ ။ ဦးတာဝေး လုပ်ငန်းများကို အဆင့်လိုက် ရွေးချယ်ခဲ့ရာ

(၁)။ ရွာတွင်း ကွန်ကရစ်ရေနုတ်မြောင်း ပြုလုပ်ရန်

(၂)။ တိုးချဲ့ စာသင်ကျောင်း တည်ဆောက်ရန်

(၃)။ ရွာတွင်းလမ်း (ကျောက်ချောလမ်း) ပြုလုပ်ရန်

(၄)။ စက်ရေတွင်း

(၅)။ ဆေးပေးခန်း

စသဖြင့် ရွေးချယ် အတည်ပြုခဲ့ကြပါသည်။

(၃)။ ။ ဦးတာဝေး လုပ်ငန်း ဖြစ်သော ရွာတွင်း ကွန်ကရစ်ရေနုတ်မြောင်း ပြုလုပ်ရန် ဇိမ်ကိုင်း ဝတ္တနှစ် ၂၀၁၈ တွင် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အထက်ပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များ အတိုင်း သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

အစည်းအဝေးကို နေ့လည် ၁၂:၀၀ နာရီတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

(signature)

မှတ်တမ်းတင်သူ

ဒေါ်ဝတ်ရည်ကျော်မိုင်

ကူဝဥစည်း ဂူရေးအုံ

## ၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်-

ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - ▪ အလွန်ကောင်း
    - ▪ ကောင်း
    - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

  ၊

- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

၊

## ၁၅။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

## ၁၆။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်-

ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

  ၊

- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-

  ၊